# အနောက်ဘက်သို့ ပြန့်နှံ့ခြင်း



**ခရစ်တရားတော်အား ဟောနေသည့် ရှင်ဂျိုဇာဖက် (၁၂ ရာစု ဂရိ စာမူ)**

ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ ဂရိ–ဗုဒ္ဓ အနုပညာလက်ရာမှ ဗုဒ္ဓဘာသာနှင့် အနောက်တိုင်းတို့ကြား မှတ်တမ်း များ၊ သတင်းအချက်အလက်များ၊ နှင့် ရှေးစကားစဉ်များကို သေချာစွာ စူစမ်း ချက်အရ ဗုဒ္ဓဘာသာသည် အနောက်တိုင်းသို့ ပြတ်တောင်းပြတ်တောင်း ရောက်ရှိခဲ့ဟန်ရှိပေသည်။ ဂျွန် ဒမတ်စကတ်၏ ဂရိဘာသာပြန် ဗုဒ္ဓဝင်နှင့် (အိန္ဒိယ ခရစ်ယာန် ဘုန်းကြီးများဖြစ်သော) ဘာလမ်နှင့် ဂျိုဇာဖက်တို့၏ ဇတ်လမ်းများသည်လည်း ခရစ်ယာန်များသို့ စီးဝင်လျှက်ရှိခဲ့သည်။ အေဒီ ၁၃၀၀ တွင် ဂျိုဇာဖက်၏ ခရစ်ယာန် ကာသိုလစ် ရဟန္တာ ဖြစ်သည် ဟူသော ဇတ်လမ်းသည် ထင်ရှားလာခဲ့ပေသည်။

ဗုဒ္ဓဘာသာနှင့် ဥရောပကြား အခြား တိုက်ရိုက် ပြန်လှန်ဆက်ဆံရေး ဖြစ်ရပ်မှာ အလယ်ခေတ်ကာလ (အေဒီ ၁၁၀၀ နှင့် ၁၄၀၀ ကြား) ပြင်သစ် ဘရင်ဂျီဘုန်းကြီ ရတ်ဘရာ့က်မှ ဝီလျံအား ပြသစ်ဘုရင် စိန့်လူးဝစ်က အေဒီ ၁၂၅၃ တွင် မွန်ဂိုနန်းတော် မောင့်ဂွတ်အား သံတမန်အဖြစ် စေလွှတ်ခြင်းပင် ဖြစ်၏။ ထိုဆက်သွယ်မှုမှာ ခိုင်းလက်ခ် (ယနေ့ ကွာယလက်ခ် ကာဇစ္စတန်)တွင် ဖြစ်ခဲ့၍ ဝီလျံအား ထိမ်းကျောင်းရခက်သော (အယူ ပေ့ါသော) ခရစ်ယာန်ဟု ထင်မှတ်ရပေသည်။ **(Foltz, "Religions of the Silk Road").**

**ဟူလာဂူ** ခေတ်ကာလနောက်ပိုင်းတွင် မွန်ဂို အီလ်ခန်းတို့သည် ဗုဒ္ဓဘာသာအား တစစဖြင့် သိမ်းသွင်းလာခဲ့ သည်။ များစွာသော ဗုဒ္ဓဘာသာ သာသနိက အဆောက်အအုံများ၌ ပါရှားနှင့် အီရတ် နယ်လျှောက်၌ ကွက် ကြား ကွက်ကြား ရှိနေခဲ့ပေသည်။ ၎င်းတို့မှ မည်သည့်အရာမှ အေဒီ ၁၄ ရာစုတွင် မတည်ရှိတော့ပေ။ အီလ် ခန်းနိုတ်၏ ဗုဒ္ဓဘာသာတို့၏ အခြေအမြစ်များသည် **အာ့ဂ်ဟန်**နှင့်အတူ နိဗ္ဗိတံသွားခဲ့သည်။

အနောက်တိုင်းသားများ အာဏာရှိနေစဉ်  ဘာသာတရားနှင့် ၎င်း၏ ထင်ရှားရှင်းလင်းသော အနုပညာ လက် ရာများအား မျက်မှောက်ဖြစ်သော ကိုလိုနီခေတ်ကာလ အတွင်းတွင် ဗုဒ္ဓဘာသာအား စိတ်ဝင်စားမှုမှာ တိုးပွား လာခဲ့ ပေသည်။ ၁၈၅၃ ခု ဂျပန် ဖွင့်ပွဲက ဂျပန်၏ စိတ်ဝင်စားဘွယ် ကောင်းသော အနုပညာနှင့် ရိုးရာ အဖြစ် သုံး သပ်မိရန် ဖန်တီးနိုင်ခဲ့သည်။ ၎င်းသည် ကမ္ဘာ့ အရှင်သန်ဆုံး ဗုဒ္ဓဘာသာရိုးရာအဖြစ် တင်ဆက် နိုင်ခဲ့ ပေသည်။ ၂၀ ရာစု၏နောက်တွဲ ဆူညံမှုများနောက် အနောက်တိုင်းတွင်  သာမာန်ပြည်သူများအကြား ဗုဒ္ဓ ဘာသာအား စိတ်ဝင်တစား ရှိလာခဲ့ပေသည်။

ဗုဒ္ဓဘာသာသည် ၎င်း၏ သည်းခံမှုကို သွန်သင်ခြင်း၊ ဘုရားသခင်မှ ဩဇာအချုပ်ခြာ ပိုင်ဆိုင်မှု မရှိခြင်းနှင့် စိစစ် တွေးတောခြင်း (ဝိပဿနာ)၊ မိမိကိုယ်မိမိ ပြန်လည်သုံးသပ်ခြင်းဖြင့် ပကတိဖြစ်တည်မှုကို နားလည်အောင် ချည်းကပ်ခြင်းများကြောင့် ဆွဲဆောင်မှုပါဝါ ခိုင်မာလျှက်ပင် ရှိနေပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com